# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# [ ၂၉- ၁ - ၂၀၁၄ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **အမဲ၊ ဆိတ်၊ ဝက်စသော သားသတ်လိုင်စင်တွင် မပါဝင်သည့် ကြက်သတ်လုပ်ငန်းသည် မြို့နယ်တိုင်းတွင်ရှိပြီး တရားဝင် ကြပ်မတ်ထိန်းသိမ်းနိုင်ရန် ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသဖြင့် စနစ်တကျ ကြီးကြပ်နိုင်ရန်နှင့် ရသင့်ရထိုက်သော အခွန်များရရှိနိုင်စေရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးမည့် အစီအစဉ် ကိုသိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတပေါ်များမှု၊ ဆုတ်ယုတ်မှု အခြေအနေနှင့် ကမ်းဝေးငါးဖမ်းရေယာဉ်များဖြင့် ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝပိတ်ပင်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ၏ **အဓိကဆေးဝါးများကို Generic Name အတိုင်းသာ တစ်ပြေးညီ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချစေရန် စီမံဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဃ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့သော မြောက်ဦးမြို့တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဆင့်တိုးမြှင့် (Tourism Promotion) လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ လေယာဉ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း။**

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။